ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၉၀ /၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)

# အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များအသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up- CBU စနစ်၊ Completely Knocked Down- CKD စနစ်နှင့် Semi-Knocked Down-SKD စနစ်တို့ဖြင့် တင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle - BEV) အမျိုးအစားများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်-

(က) လမ်းပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ် (Road tractor for Semi-trailer)၊

(ခ) ယာဉ်မောင်း အပါအဝင် (၁၀)ဦး သို့မဟုတ် (၁၀)ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်မော်တော်ယာဉ် (Bus) (Motor Vehicles for the transport of ten or more person including the driver)၊

(ဂ) ကုန်တင်ယာဉ် (Truck)၊

(ဃ) လူစီးယာဉ် (Motor Vehicles for the transport of person)၊

(င) သုံးဘီးတပ်ယာဉ် (လူစီး) (Three-wheeled vehicles for transport of person)၊

(စ) သုံးဘီးတပ်ယာဉ် (ကုန်တင်) (Three-wheeled vehicles for transport of Goods)၊

(ဆ) လူစီး နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle)၊

(ဇ) လူစီး နှစ်ဘီးတပ် လျှပ်စစ်စက်ဘီး ( Electric Bicycle)၊

(ဈ) လူနာတင်ယာဉ် (Ambulances)၊

(ည) ထောင်ကား (Prison Vans)၊

(ဋ) နိဗ္ဗာန်ယာဉ် (Hearses)၊

(ဌ) အပိုဒ်ခွဲ (က)မှ (ဋ)ထိပါ လျှပ်စစ်သုံးယာဉ်များနှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက် ပါရှိသည့် လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ- အားသွင်းရုံဆိုင်ရာ ပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ)နှင့် စက်မှုဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်း (Spare Part) များ ။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်ထိ အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၂၆၇ ( ၆၃၁၃ /၂၀၂၂)
ရက်စွဲ ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနနှင့် အဖွဲ့အစည်းများအားလုံး







ညွှန်ကြားရေးမှူးချုပ်<br>
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

အမိန့်အရ






(မောင်မောင်ဝင်း)<br>
ဒုတိယဝန်ကြီး

ပူးတွဲစာရင်း





## လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 1 | Traction Battery Pack |  | |
| 2 | Electric Traction Motor |  | |
| 3 | Battery Management System (BMS) |  | |
| 4 | Drive Control Unit (DCU) |  | |
| 5 | DC-DC Converter |  | |
| 6 | Electrical Circuit Breaker or Disconnect Parts |  | |






# လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 7 | Charge Port |  | |
| 8 | Portable EV Charger |  | |
| 9 | On-board charger |  | |
| 10 | Power Inverter |  | |
| 11 | EV Connectors |  | |


# လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 12 | High Voltage Harness |  | |
| 13 | Controller |  | |
| 14 | Auxiliary Batteries |  | |
| 15 | Battery Cooling System<br>(Thermal) |  | |
| 16 | Braking System<br>▪ Brake Boost System<br>▪ Vacuum Pump Kit |  | |

# လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 17 | Transmission |  | |
| 18 | Charging Cable |  | |
| 19 | Suspension System<br>▪ Stabilizer Links<br>▪ Ball Joints<br>▪ Control Arm<br>▪ Shock Absorber |  | |
| 20 | Steering System |  | |
| 21 | Lighting System<br>▪ Head Lamps<br>▪ Tail Lamps<br>▪ Signal Lamps |   | |

# လျှပ်စစ်သုံးယာဉ်များ၏ အပိုပစ္စည်းများ

| Sr.No. | Nomenclature | Figure | Remark |
|---|---|---|---|
| 22 | Charging Adapters |  | |

မှတ်ချက်။ - အမျိုးအစားအလိုက် ပုံများသည် နမူနာအဖြစ် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

- ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့် Manufacture ၏ Design နှင့် တိုးတက်ပြောင်းလဲလာမည့် နည်းပညာအပေါ် မူတည်၍ နမူနာပြပစ္စည်းပုံများသည် ကွဲလွဲမှု ရှိနိုင်ပါသည်။